# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၉၇ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက် )

## e – Government ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် " **e – Government ဦးဆောင်ကော်မတီ** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (င) | ပြည်ထောင်စုဝန်ကြီးများအားလုံး<br>( ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မပါ) | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |

(ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဈ) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ည) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ
အားလုံး

(ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဌ) နာယက အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ဍ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ e – Government ဦးဆောင်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) e – Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်လမ်းညွှန်ခြင်း၊

(ခ) e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက တင်ပြသည့် စီမံကိန်းများနှင့် ဘဏ္ဍာငွေများ စိစစ်အတည်ပြုခြင်း၊

(ဂ) e – Government စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းရေးအပေါ် လမ်းညွှန်ခြင်း၊

(ဃ) e – Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်ရှိသော နိုင်ငံများ၏အတွေ့အကြုံကောင်းများကို အခြေခံ၍ မြန်မာနိုင်ငံတွင် ဦးစားပေးဆောင်ရွက်သင့်သော e – Government လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှုပေးခြင်း၊

(င) e – Government Master Plan ပါ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးခြင်း။

၃။ ဦးဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးများကျင်းပရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး / ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များကို လိုအပ်သလို ဖိတ်ကြားနိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၃ - ၁ - ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄ / ၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ